# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 16 , 2023 Volume 72, Number 12

၁၆.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## သံတောင်ကြီးမြို့၌ ဂေါ်ရခါးသီးများ လှိုင်လှိုင်ထွက်ရှိ



ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၌ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြရာ ဂေါ်ရခါးပင်များကို စင်ထိုးပြီး တနိုင်တပိုင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး နိုဝင်ဘာလတွင် ဂေါ်ရခါးသီးများ လှိုင်လှိုင်ထွက်ရှိကြောင်း ဂေါ်ရခါးစိုက် တောင်သူများထံမှသိရသည်။

အဆိုပါဂေါ်ရခါးသီးများသည် လူကြိုက်များသည့်သီးနှံဖြစ်ပြီး ကြော်စား၍သော်လည်းကောင်း၊ ပြုတ်စား၍သော်လည်းကောင်း၊ ဟင်းချိုအဖြစ် ချက်စားရာတွင်လည်းကောင်းစားသုံးကြသည်။ ဂေါ်ရခါးပင်များမှာ နွေ၊ မိုး၊ ဆောင်းရာသီမရွေး အသီးသီးပြီး ဆောင်းတွင်းကာလတွင် ဂေါ်ရခါးသီးများ လှိုင်လှိုင်ထွက်ရှိကြောင်း သိရသည်။

ဂေါ်ရခါးသီးများကို သံတောင်ကြီးမြို့ပေါ်တွင်သာမက တောင်ငူမြို့သို့ တင်ပို့ရောင်းချကြသည်။ ဂေါ်ရခါးပင်များသည် ရာသီမရွေးအသီးသီးသောကြောင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် အပိုဝင်ငွေရရှိကာ မိသားစုအဆင်ပြေလျက်ရှိကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

Source: https://www.myawady.net.mm

## အက်ခ်မက်-ကိုရီးယားစီမံကိန်း၏ စတုတ္ထအကြိမ်သင်တန်းအစီအစဉ်ဖြစ်သည့် “စီးပွားရေးလုပ်ငန်း အစီအစဉ်များရေးဆွဲခြင်းနှင့်ကုန်သွယ်မှုပြုနိုင်ရေး စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း” ဖွင့်လှစ်ခြင်း




အက်ခ်မက်-ကိုရီးယားစီမံကိန်း၏ စတုတ္ထအကြိမ်သင်တန်းအစီအစဉ်ဖြစ်သည့် “စီးပွားရေးလုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းနှင့်ကုန်သွယ်မှုပြုနိုင်ရေး စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း” စတင်ဖွင့်လှစ်ခြင်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၊ နံနက် (၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ရှိ SMEBi University ၌ ကျင်းပခဲ့ရာတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းသင်တန်း ပို့ချခြင်းအစီအစဉ်ကို နံနက် (၀၉:၃၀) နာရီ အချိန်တွင် ရန်ကုန်မြို့ SMEBi University ရှိ သင်တန်းခန်းမတွင် ကျင်းပခဲ့ပါသည်။ သင်တန်းတွင် အုန်းထုတ်ကုန်လုပ်ငန်းများမှ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဆောင်နိုင်ရန်နှင့် ကုန်သွယ်မှုပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်း အစီအစဉ် (Business Plans) များရေးဆွဲခြင်းနှင့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု (Business Management) ပြုလုပ်ခြင်းများကို သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ (၄) ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး စုစုပေါင်း သင်တန်းသား (၃၀) ဦးတက်ရောက်ကြမည်ဖြစ်ပါသည်။

သင်တန်းပထမနေ့တွင် SMEBi University တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဆရာဦးစိုးဟိန်းက စီးပွားရေးလုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၏အရေးကြီးပုံ၊ စီးပွားရေးလုပ်ငန်းများအတွက် ဦးတည်ချက်များချမှတ်ခြင်းစသည်တို့ကို ရှင်းလင်းသင်ကြားခဲ့ပြီး၊ ဈေးကွက်သုတေသနနှင့်စီးပွားရေးယှဉ်ပြိုင်ဘက်များအား ဆန်းစစ်ခြင်းကို Case Study ဖြင့် လက်တွေ့သင်ခန်းစာပြုလုပ်၍ လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်နှိုင်းယှဉ်မှုအခြေအနေ

နိုဝင်ဘာလ တတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းဖြူ၊ နှမ်းညို၊ မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဈေးနှုန်းများ ကျဆင်းနေပြီး၊ နှမ်းနက် ဈေးနှုန်းများ ဈေးမြင့်နေကြောင်းသိရသည်။ ယခုအပတ်တွင်း နှမ်းညိုတစ်တင်းလျှင် (၈၇၀၀၀)ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၉၀၀၀၀-၉၅၀၀၀) ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် (၉၅၀၀၀-၁၀၆၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၅၀၀၀-၁၀၄၀၀၀)ကျပ်ဖြစ်ကာ ယခင်ပတ် ကာလတူအချိန်ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် (၉၀၀၀၀) ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၉၀၀၀၀-၉၅၀၀၀)ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် (၉၅၀၀၀-၁၁၀၀၀၀) ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၅၀၀၀- ၉၅၀၀၀)ကျပ်ရှိနေကြောင်း သိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့်ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်ဖြူတစ်ပိဿာ (၅၈၀၀-၆၀၀၀)ကျပ် မြေပဲဆီဆန်ဖြူတစ်ပိဿာ (၅၅၀၀)ကျပ်ရှိပြီး ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၁၀၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၅၈၀၀) ကျပ်၊ ယခုပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူနှင့်မြေပဲဆီဆန်ဖြူ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲဆီတစ်ပိဿာ (၁၁၅၀၀)ကျပ်၊ နှမ်းဆီတစ်ပိဿာ (၁၂၀၀၀)ကျပ်၊ ပဲဖတ်တစ်ပိဿာ(နယ်- ၂၅၂၅ )ကျပ်၊ နှမ်းဖတ်တစ်ပိဿာ (၂၃၂၅)ကျပ်၊ နေကြာဖတ်တစ်ပိဿာ (၁၇၅၀)ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် မြေပဲစိုက်ခင်းများ နုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းလျော့ကျမှုကြောင့် တောင်သူအများစုအရှုံးပေါ်



မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မြို့သစ်စသည့်မြို့နယ်များတွင် အောက်တိုဘာလကုန်ပိုင်းမှစ၍ မြေပဲစိုက်ခင်းများ နုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းလျော့ကျမှုကြောင့် တောင်သူအများစု အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်များတွင် ဇူလိုင်နှင့်ဩဂုတ်လအတွင်း မိုးရွာသွန်းမှု နည်းပါးလွန်းခဲ့သောကြောင့် မြေပဲစိုက်ခင်းများ သေဆုံးလုနီးပါးအထိဖြစ်ခဲ့ကြောင်း၊ စက်တင်ဘာနှင့်အောက်တိုဘာလများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မြေပဲစိုက်ခင်းများ အသက်ဆက်နိုင်ခဲ့သော်လည်း ပေါင်းပင်များထူထပ်မှု၊ အချိန်လွန်မှ မိုးအားကောင်းခဲ့မှုများကြောင့် မြေပဲပင်များ ဥချမှုနည်းပါးခဲ့ကြောင်း သိရသည်။

"မိုးက ရွာသင့်တဲ့အချိန်မှာ နှစ်လလောက်ခေါင်ခဲ့တော့ ပင်ထောင်မြေပဲတွေက အချိန်လွန်မှ အပင်ပြန်ဖြစ်ရပြီး ဥအသစ်ချရသလို ဖြစ်ကုန်ခဲ့တာပါ။ ဒါကြောင့် ပထမအချိန်မှန်အတိုင်းဥခဲ့တဲ့ မြေပဲတွေက အညှောင့်ပေါက်ကုန်ပြီး နောက်ပိုင်းမိုးတွေနဲ့ ဥတဲ့ မြေပဲဥကိုပဲ ယူရတော့တာပါ။ နောက်ပိုင်း မိုးတွေကောင်းခဲ့ပေမဲ့ အချိန်လွန်မိုးတွေဆိုတော့ ပေါင်းပင်တွေက အများကြီး လွှမ်းသွားခဲ့ပြီး မြေပဲပင်တွေက သိပ်မဖြစ်ထွန်းနိုင်တော့တာမျိုးလည်းရှိပါတယ်" ဟု ရေနံချောင်းမြို့နယ်အတွင်းမှ တောင်သူတစ်ဦးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မြို့သစ်၊ တောင်တွင်းကြီးစသည့်မြို့နယ်များတွင် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲများ စိုက်ပျိုးလေ့ရှိကြောင်း ယခုပင်ပြန့်မြေပဲ နုတ်သိမ်းသည့်ကာလတွင် လုပ်သားရှားပါးမှု အခက်အခဲများလည်း ကြုံတွေ့နေရကြောင်း၊ အောက်တိုဘာလဆန်းပိုင်း မြေပဲရာသီစတင်ချိန်က ပင်ထောင်မြေပဲအတောင့် တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာလကုန်ပိုင်းမှစ၍ ပင်ထောင်မြေပဲအတောင့် တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ခန့်သာ ဈေးရှိတော့ကြောင်း သိရသည်။

**Source: https://news-eleven.com/article/284089**

## နိုဝင်ဘာမှစပြီး လစဉ် ဆန်တန်ချိန် ၂ သိန်း ပြည်ပပို့မည်ဟု MRF ဥက္ကဋ္ဌပြော

ယခု နိုဝင်ဘာလမှစတင်ပြီး လစဉ်ဆန်တန်ချိန် ၂ သိန်းခန့် တင်ပို့နိုင်ရေး ဆောင်ရွက်သွားမယ်လို့ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောပါတယ်။

Export ရဲ့ အဓိကရာသီကတော့စပါပြီ။ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီအထိ ခြောက်လက ပို့ကုန်ရာသီဖြစ်ပါတယ်။ တစ်လကို ဆန်တန်ချိန် ၂ သိန်းလောက် တင်ပို့ဖို့လျာထားပါတယ်လို့ ဆိုပါတယ်။

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ မြန်မာ့ပို့ကုန် ဆန်/ဆန်ကွဲတန်ချိန် ၂ သန်းခန့် တင်ပို့သွားနိုင်ဖို့ MRF က လျာထားပါတယ်။

MRF ဥက္ကဋ္ဌက ပြည်ပတင်ပို့မှုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ လစဉ် အမေရိကန်ဒေါ်လာသန်း ၆၀ လောက် ရှာဖွေပေးနေတဲ့ အနေအထားရှိပါတယ်လို့ ပြောပါတယ်။

လက်ရှိမှာ အာဆီယံဒေသတွင်းနိုင်ငံများဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေကလည်း မြန်မာ့ဆန်ဝယ်လိုအား မြင့်တက်လာပြီး ဥရောပနိုင်ငံအများစုလည်း တိုးမြှင့်ဝယ်ယူမှုတွေ ရှိလာပါတယ်။ "နိုဝင်ဘာလမှစပြီး ပြည်ပဆန်တင်ပို့မှုရာသီချိန် စနေပြီဖြစ်သလို မှာယူထားတဲ့ ပြည်ပနိုင်ငံတွေကိုလည်း တင်ပို့နိုင်စေဖို့၊ ပြည်တွင်းဆန်ဈေးကွက် တည်ငြိမ်စေဖို့ ချိန်ညှိလုပ်ဆောင်သွားဖို့ရှိနေပါတယ်လို့" ဦးရဲမင်းအောင်က ပြောကြားထားပါတယ်။

လက်ရှိ ဘဏ္ဍာနှစ် ၇ လအတွင်း ပြည်ပဈေးကွက်ထံ မြန်မာ့ဆန်တန်ချိန် (၅) သိန်းကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၂၇၁) သန်းရရှိထားကြောင်း မြန်မာ့နိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားတဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

**Source: BETV Business**

## သံတောင်ကြီးဒေသထွက် မှျစ်ခြောက်များ ဝယ်လိုအားကောင်း



ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့သည် တောင်ပေါ်မြို့ဖြစ်သောကြောင့် သစ်၊ ဝါးများ သဘာဝအတိုင်း ပေါက်ရောက်ကြသည်။ မိုးတွင်းအချိန်တွင် သဘာဝအတိုင်းအလေ့ကျပေါက်သည့် မှျစ်များကို တစ်နှစ်ပတ်လုံးအတွက် စားသုံးနိုင်ရန် မှျစ်ခြောက်များ ပြုလုပ်ကြသည်။ ယခုအချိန်တွင် မှျစ်စိုများ ရှားပါးလာပြီဖြစ်သည့်အတွက် မှျစ်ခြောက်များ ဝယ်လိုအားကောင်းလာကြောင်း သိရသည်။

မှျစ်ခြောက်များကို တစ်နှစ်တာလုံး စားသုံးနိုင်ရန် မှျစ်စိုများကို ပါးပါးခြစ်ကာ မနူးတနူးပြုတ်ပြီး အရည်စစ်၍ ထင်းမီး သို့မဟုတ် နေရောင်ဖြင့် အခြောက်ခံကာ လုံခြုံစွာသိုလှောင်ထားရသည်။ မှျစ်ခြောက်များကို ကရင်ရိုးရာတာဟဲဖိုး၊ တာလပေါဟင်းများ ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်အပြင် အခြားသောသီးနှံ၊ အသားများနှင့်လည်း ရောနှောချက်ရာတွင် အလွန်အရသာကောင်းသည့်အတွက် သံတောင်ကြီးမြို့ပေါ်တွင်သာမက တောင်ငူ၊ ရန်ကုန်နှင့် အခြားဒေသများမှလည်း မှာယူကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## ကုန်သည်များလက်ဝယ်၌ ပဲသိုလှောင်ခွင့်ပမာဏကို အိန္ဒိယအစိုးရက ပြန်လည်တိုးမြှင့်



အိန္ဒိယနိုင်ငံ၌ စားသုံးသူများ၏ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်မှုကို ပိုမိုကောင်းမွန်စေရန်နှင့် သိုလှောင်ဈေးကစားမှုများကို တားဆီးနိုင်ရန်အတွက် ပဲမျိုးစုံတင်သွင်းသူများနှင့် လက်ကားကုန်သည်များ၏လက်ဝယ်တွင် အများဆုံးသိုလှောင်ထားရှိနိုင်သည့် ပဲစင်းငုံနှင့်မတ်ပဲပမာဏကို တန်ချိန် ၅၀ သာ ခွင့်ပြုထားရာမှ တန်ချိန် ၂၀၀ သို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

အိန္ဒိယ စားသုံးသူရေးရာဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ပဲပမာဏသာ လက်ဝယ်ကျန်ရှိအောင် ရှင်းလင်းရမည့်အချိန် ကန့်သတ်ချက်ကို

လည်း မူလက တင်သွင်းရောက်ရှိချိန်မှ ရက် ၃၀ သတ်မှတ်ထားရာမှ ယခုရက်ပေါင်း ၆၀ သို့ ပြင်ဆင်လိုက်ကြောင်း၊ ပဲခွဲစက်များ၊ ပြုပြင်ထုတ်လုပ်သူများ၏လက်ဝယ်၌ ပဲစင်းငုံနှင့်မတ်ပဲကို နှစ်စဉ်ကြိတ်ခွဲထုတ်လုပ်မှုပမာဏ၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် နောက်ဆုံး ၁ လအတွင်း ကြိတ်ခွဲထုတ်လုပ်ခဲ့သည့် ပမာဏတို့အနက် များရာပမာဏအထိ သိုလှောင်ခွင့်ပြုထားရာမှ ယခု နှစ်စဉ်ကြိတ်ခွဲထုတ်လုပ်မှုပမာဏ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် နောက်ဆုံး ၃ လအတွင်း ကြိတ်ခွဲထုတ်လုပ်ခဲ့သည့်ပမာဏ တို့အနက် များရာပမာဏသို့ ပြင်ဆင်တိုးမြှင့်လိုက်ကြောင်း၊ သို့ရာတွင် လက်လီဆိုင်များတွင် ယခင်အတိုင်း ၅ တန် အထိသာ သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ ကွန်ရက်ဖြန့်ကျက်၍ အကြီးစားလက်လီရောင်းချသည့်လုပ်ငန်းများအနေဖြင့် လက်လီဆိုင် များတွင် ယခင်အတိုင်း ၅ တန် အထိ သိုလှောင်ခွင့်ရှိပြီး သိုလှောင်ရုံအဆင့်၌မူ ယခင်က တန် ၅၀ သာခွင့်ပြုရာမှ ယခု တန် ၂၀၀ အထိ ထားရှိခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယ ပဲခွဲစက်လုပ်ငန်းများအသင်း၏ဥက္ကဋ္ဌ Suresh Aggarwal က အစိုးရ၏ ယခုကဲ့သို့ဖြေလျော့မှုမှာ ပဲမျိုးစုံ ဈေးကွက်အတွင်း ပဲစင်းငုံနှင့်မတ်ပဲတို့၏ ရောင်းလိုအားကိုမြှင့်တင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source: Economic Times, 7 Nov 2023** (လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)

**Source : https://www.doca.gov.mm/my/node/15209**

## STOCK EXCHANGE (16.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,429 (Shares) | 29,994,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 706 | 6,071,600 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 526 | 1,525,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,500 | -300 | -3.85% | 7,500 | 7,500 | 7,500 | 172 | 1,290,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,550 | 1,501 | 2,327,100 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 2 | 4,800 | 12,823,224 | 30,776 |
| EFR | 00006 | 1,950 | -100 | -4.88% | 2,000 | 2,000 | 1,900 | 618 | 1,207,000 | 19,977,223 | 38,956 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 894 | 1,520,050 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.03 | -3.50 | -0.95% | 366.00 | 366.10 | 361.72 | 4,429 | 13,994,950 | 8 | 684,746 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 14,429 (Shares) | 29,994,950 (MMK) |

## Main Board

As of 1:00 pm, 16th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,429 (Shares) | 29,994,950 (MMK) |

| MYANPIX | 363.03 ▼ 3.50 |
|---|---|
| Total Volume (shares) | 4,429 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 684,746 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,500 | ▼ 300 |
| FPB | 00004 | 1,600 | ▼ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 1,950 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR